# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 4, 2020 Volume 34, Number 1


၄.၈.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၄/- ကျပ် |
| CBM Rate | = ၁၃၆၃.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၁.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၁.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၄.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၅၁ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းမှထွက်ရှိသော ဟင်းသီးဟင်းရွက်များကို High Value ပို့ကုန်အဖြစ် လေကြောင်းလိုင်းများဖြင့် ချိတ်ဆက်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်စေလိုကြောင်း ဒုတိယဝန်ကြီးပြောကြား




ပြည်တွင်းမှထွက်ရှိသော ဟင်းသီးဟင်းရွက်များကို High Value ပို့ကုန်အဖြစ် လေကြောင်းလိုင်းများဖြင့် ချိတ်ဆက်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်စေလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံမြေညီထပ်တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ပြည်ပပို့ကုန်ပြခန်းအတွင်း ပြည်တွင်းမှထုတ်လုပ်ထားသော တန်ဖိုးမြှင့်ပြည်ပပို့ကုန်ပစ္စည်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။ ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းအုပ်စု (၁၁) ဝင်းအတွင်း ဖွင့်လှစ်ထားသည့် မြန်မာသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဟင်းသီးဟင်းရွက် အွန်လိုင်းစနစ်ဖြင့် လက်လီလက်ကားရောင်းဝယ်ရေးသို့ ရောက်ရှိပြီး အသင်း၏အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်နေမှု၊ အွန်လိုင်းစနစ်ဖြင့် လက်လီလက်ကားရောင်းချနေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသော ဟင်းသီးဟင်းရွက်များကို High Value ပို့ကုန်အဖြစ် လေကြောင်းလိုင်းများဖြင့် ချိတ်ဆက်၍တင်ပို့နိုင်ရေးနှင့် စားဖိုဆောင်သုံး ဟင်းသီး

ဟင်းရွက်နှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လိုအပ်လျက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ကြိုးစား စီစဉ်ဆောင်ရွက်စေလိုကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်တွင် COVID-19 ၏ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP Project) အမည်ဖြင့် ကမ္ဘာ့ဘဏ်မှချေးငွေ ဒေါ်လာသန်း ၂၀၀ အနက် ဒေါ်လာ ၃၅ သန်းနှင့် လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကဏ္ဍသုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ကဏ္ဍ (၁) အနေဖြင့် သမဝါယမအသင်းများမှတစ်ဆင့် လယ်သမားများအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ ကဏ္ဍ (၂) အနေဖြင့် မျိုးစေ့ထုတ် သမဝါယမအသင်းများ တောင့်တင်းခိုင်မာရေးအတွက် ငွေကြေးထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကဏ္ဍ (၃) အနေဖြင့်မူ သမဝါယမ ကန်ထရိုက် လယ်ယာစနစ် ဆောင်ရွက်မည့် သမဝါယမအသင်းများကို ငွေကြေးထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ဘဏ်မှချေးငွေ ဒေါ်လာသန်း ၂၀၀ ဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ စတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်းကို မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြန်မာနိုင်ငံ အောက်ပိုင်း၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများနှင့်ကမ်းရိုးတန်းဒေသများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန်၊ သီးနှံအမည်စုံ ပိုမိုစိုက်ပျိုးလာနိုင်စေရန်၊ ရွေးချယ်ထားသော တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက်မှ စိုက်ပျိုးရေးထုတ်ကုန်များ၏ အရည်အသွေးပိုမိုကောင်းမွန်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ တိုးမြှင့်လာနိုင်စေရန်နှင့် အရေးပေါ်တုံ့ပြန်မှုအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးတို့ကိုရည်ရွယ်၍ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာသန်း၂၀၀ ဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ စီမံကိန်းကာလငါးနှစ်ခွဲအတွင်း အကောင်အထည်ဖော်မည်ဖြစ်သည်။ COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအပေါ် သက်ရောက်မှုများအား တုံ့ပြန်နိုင်ရေးနှင့် နိုင်ငံတော်က ရေးဆွဲလျက်ရှိသည့် တုံ့ပြန်ရေးမဟာဗျူဟာအစီအစဉ်တွင် ပါဝင်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/185342

## လက်ရှိဘဏ္ဍာနှစ် ၁၀ လခန့်တွင် ပြည်ပသို့ရော်ဘာတင်ပို့မှု ယခင်နှစ်ကာလတူထက် တန်ချိန် ၁၄၀၀၀ ကျော် လျော့ကျခဲ့သည့်အတွက် ဝင်ငွေဒေါ်လာ ၂၉ သန်းလျော့ကျ

လက်ရှိဘဏ္ဍာနှစ် ၁၀ လခန့်တွင် ပြည်ပသို့ရော်ဘာတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၁၄၀၀၀ ကျော် လျော့ကျခဲ့သည့်အတွက် ဝင်ငွေဒေါ်လာ ၂၉ သန်းလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။ "ဒီနှစ်ရော်ဘာတင်ပို့မှုက မနှစ်ကထက် တန်ချိန်ရော တန်ဖိုးရောပါ လျော့ကျတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၂၄ ရက်ထိ ၁၀ လခန့်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် ၁၆၈၅၂၂ တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂၀၄ သန်းရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ရော်ဘာတန်ချိန် ၁၈၃၀၄၇ အထိ တင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၂၃၃ သန်းရရှိထားသည်။ လက်ရှိဘဏ္ဍာနှစ် ၁၀ လခန့်တွင် ရော်ဘာတင်ပို့မှုသည့် ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၁၄၅၂၅ လျော့ကျခဲ့ပြီး ဝင်ငွေအားဖြင့် ဒေါ်လာ ၂၉ သန်းအထိ လျော့ကျခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးကြောင်းသိရသည်။ မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသန်းနီးပါးရှိပြီး ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာစိုက်ပျိုးမှုမှာ ၁၆ သိန်းခန့်ရှိကြောင်း သိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်း နှစ်သိန်းခန့်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌အသုံးပြုလျက်ရှိပြီး အဓိကတင်ပို့နေသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှသိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့်ရော်ဘာကို တရုတ်နိုင်ငံအပြင် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်းတင်ပို့နေသည်။ မွန်ပြည်နယ်တွင်သာမက ရော်ဘာစိုက်ဧကနှင့် ရော်ဘာအထွက်များသော ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် နိုင်ငံတကာအဆင့်မီ ရော်ဘာကုန်ကြမ်းနှင့် ကုန်ချောထုတ်လုပ်နိုင်ရန် ရော်ဘာအထူးဇုန်များ ဖော်ဆောင်ပေးရန် ဒုတိယသမ္မတ(၁)နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၁၅) ကြိမ်မြောက် အခမ်းအနားတွင် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က တင်ပြခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံခြားသို့ တင်ပို့နေသော RSS မှိုင်းခံရော်ဘာများ၊ ရော်ဘာခြံများ(အထူးသဖြင့် ခြံငယ်များ)များမှ ထုတ်လုပ်ရာတွင် စက်ပစ္စည်း၊ အစေးခဲကန်၊ မှိုင်းခံများမရှိသဖြင့် ရော်ဘာအစိုပြားများ အထူပြားများသာ ထုတ်လုပ်နေရပြီး ရောင်းချရာတွင်လည်း ဈေးမရကြသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

**Source: Daily eleven**

## တရုတ်ယွမ်ငွေတန်ဖိုးကျဆင်းမှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များနစ်နာမှုရှိ



မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေး၏ ငွေပေးချေမှုတွင် အဓိက သုံးစွဲနေသော ယွမ်ငွေတန်ဖိုးသည် တစ်လအတွင်း ၅ ရာခိုင်နှုန်း ကျဆင်းသွားသဖြင့် ပို့ကုန်လုပ်ငန်းရှင်များ အကျိုးအမြတ်ဆုံးရှုံးမှု ရှိလာသည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့က ပြောသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး ကျဆင်းမှု၏ အကျိုးဆက်အဖြစ် တရုတ် ယွမ်ငွေတန်ဖိုး လိုက်ပါ ကျဆင်းခြင်းဟု ၎င်းတို့ကပြောသည်။

တရုတ်ယွမ်ငွေတန်ဖိုးသည် ဇူလိုင်အတွင်းတစ်ယွမ်လျှင် ၂၀၀ ကျပ်မှ ၁၉၀ကျပ်သို့ ကျဆင်းလာသည်။ နယ်စပ်ငွေလဲနှုန်းသတ်မှတ်ချက်အရ ဇူလိုင် ၃၁ရက်တွင် မြန်မာ ကျပ် ၁,၀၀၀ လျှင် ယွမ်ငွေ ၅ ဒသ ၁၁ တန်ဖိုးသတ်မှတ်သည်။ “ဒီတစ်ပတ်အတွင်းမှာ ငွေတန်ဖိုးကျတာများတယ်။ ပို့ကုန်သမားတွေနစ်နာတာပေါ့” ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌဦးမင်းသိန်းကပြောကြားသည်။

မြန်မာနိုင်ငံမှ တစ်ရက်လျှင် ဆန်အိတ်ရေ သုံးသောင်းမှ လေးသောင်းအကြား တင်ပို့နေချိန်တွင် ယွမ်ငွေ တန်ဖိုးကျဆင်းမှုကို ပို့ကုန်လုပ်ငန်းရှင်များ မလိုလားကြောင်း ၎င်းကဆိုသည်။ မြန်မာ-တရုတ် နယ်စပ်မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် လွယ်ဂျယ်မှ ယခုဘဏ္ဍာ နှစ် ၁၀ လအတွင်း မြန်မာပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာဖြင့် တွက်လျှင် ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိပြီး သွင်းကုန် တန်ဖိုးက ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရှိသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဝင် ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ ပို့ကုန်များသဖြင့် ယွမ်ငွေတန်ဖိုး မြင့်တက်ပါက ပြည်တွင်းကုန်သည်များအတွက် အကျိုး အမြတ်ပိုရှိသည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ ယွမ်ငွေတန်ဖိုး ကျဆင်းမှုက တရုတ်နိုင်ငံမှ သွင်းကုန်တင်သွင်းပြီး ပြည်တွင်း၌ ကျပ်ဖြင့်ပြန်လည် ရောင်းချသူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲအပါအဝင် လယ်ယာထွက်ကုန် ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့နေပြီးဓာတ် မြေသြဇာ၊ ပိုးသတ်ဆေး အပါအဝင် လယ်ယာသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို တရုတ်နိုင်ငံမှ တင်သွင်းနေသည်။

**Source:** https://7day.news/detail?id=194149

## ရန်ကုန်မြို့တွင် အဆင့်မြင့်လက်လီအရောင်းနေရာ စတုရန်းမီတာ ၃၉၀၀၀၀ ဝန်းကျင်ရှိပြီး ငှားရမ်းမှုနှုန်း ၈၈ ရာခိုင်နှုန်းရှိကာ COVID-19 ကြောင့် ယခင်သုံးလပတ်ထက် ငှားရမ်းခ ၁၀ ရာခိုင်နှုန်းကျဆင်း




ရန်ကုန်မြို့တွင် အဆင့်မြင့်လက်လီ အရောင်းနေရာ စတုရန်းမီတာ ၃၉၀၀၀၀ ဝန်းကျင်ရှိလာပြီး ငှားရမ်းမှုနှုန်း ၈၈ ရာခိုင်နှုန်းရှိကာ ယခင်သုံးလပတ်ထက် ငှားရမ်းခ ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကနေဒါ အခြေစိုက် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်သည့် Colliers International (Myanmar) ၏ ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ် ဈေးကွက်သုံးသပ်ချက်အရ သိရသည်။

၂၀၁၉ ခုနှစ် တတိယသုံးလပတ်အတွင်း အဆင့်မြင့်လက်လီ အရောင်းနေရာသစ်ထွက်ရှိမှု စတုရန်းမီတာ ၂၈၀၀၊ ၂၀၁၉ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း စတုရန်း မီတာ ၅၇၀၀ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်တွင် နေရာသစ်ထပ်မံမထွက်ရှိ ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလ ပတ်တွင် စတုရန်းမီတာ ၁၀၀၀၀ ဝန်းကျင် ထပ်မံထွက်ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် တစ်နှစ်လုံးတွင် လက်လီအရောင်းနေရာသစ် စတုရန်းမီတာ ၈၀၀၀၀ ဝန်းကျင်ထွက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် တစ်နှစ်လုံးတွင် စတုရန်းမီတာ ၅၁၀၀၀ ကျော်ထွက်ရှိခဲ့ကာ လာမည့် ၂၀၂၁ ခုနှစ်အထိ စတုရန်းမီတာ ၂၄၀၀၀ ကျော် ထပ်မံထွက်ရှိရန် မျှော်မှန်းထားသည်။ ငှား ရမ်းမှုနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဒုတိယသုံး လပတ်တွင် ၈၈ ရာခိုင်နှုန်း ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကာ COVID-19 ကပ်ရောဂါကြောင့် ဈေးဝယ်စင်တာများသို့ လူအများလာရောက်မှု ကျဆင်းလာသည့်အခြေအနေနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

ရန်ကုန်မြို့တွင် နိုင်ငံတကာအဆင့်အဆောက်အအုံသစ်များ ထပ်မံပေါ်ထွက်လာမှုနှင့်အတူ လက်လီဈေးဝယ်စင်တာ အသစ်များတိုးပွားလျက်ရှိပြီး ၂၀၁၉ ခုနှစ် ပထမသုံးလပတ်အတွင်း သာကေတမြို့နယ်ရှိ Fortune Plaza Phase I ဈေးကွက်ဝင်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်တွင် သီလဝါရှိ AEON Orange Hypermarket ၊ ၂၀၁၉ ခုနှစ် စတုတ္ထ သုံးလပတ်တွင် Time City နှင့် Secretariat ၊ ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်တွင် City Mart Supermarket (Thanlyin) ဈေးကွက်ဝင်ရောက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း M Terminal & M Tower Shopping Mall၊ The Central Boulevard-Phase1,2 ၊ The One Shopping Mall ၊ Inno City တို့ ဈေးကွက်ဝင်ရောက်လာမည်ဟု မျှော်မှန်း ထားပြီး ၂၀၂၁ ခုနှစ်တွင် The Garden နှင့် Yoma Central တို့ကဲ့သို့ စီမံကိန်းအသစ်များ ဈေးကွက်ဝင်ရောက်လာမည်ဟု ခန့် မှန်းထားသည်။ ခေတ်မီမြို့ပြပိုဆန်လာသည့် ရန်ကုန်မြို့အတွင်း ထပ်မံပေါ်ထွက်လာမည့် ဈေးဝယ်စင်တာများအနေဖြင့် လူအများစိတ်ဝင်စားနိုင်မည့် တီထွင်ဖန်တီးမှုအသစ်များ၊ ဝန်ဆောင်မှုအသစ်များထည့်သွင်းနိုင်ရန် အားထုတ်ရမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးလာသည့် E-Commerce ၏ စိန်ခေါ်မှုကိုရင်ဆိုင်လာရသည်။ မတူကွဲပြားသော အစားအသောက်ရောင်းချသည့်နေရာများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ စိတ်အပန်းပြေစေသည့်လုပ်ငန်းများသည် အနာဂတ်ဈေးဝယ်စင်တာများအတွက် အခွင့်အလမ်း တိုးမြင့်စေမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိဈေးဝယ်စင်တာများတွင် ငှားရမ်းဖွင့်လှစ်ထားသော ဆိုင်ခန်းများတွင် အဝတ်အစားနှင့်အသုံးအဆောင် ပစ္စည်းဆိုင်များက ၅၅ ရာခိုင်နှုန်း၊ အစားအစာနှင့် အဖျော်ယမကာဆိုင်များက ၁၈ ရာခိုင်နှုန်း၊ Special Store ဆိုင်များက ၉ ရာခိုင်နှုန်း၊ ကျန်းမာရေး၊ အလှအပရေးရာဆိုင်များက ၇ ရာခိုင်နှုန်း၊ အခြားဆိုင်များက ၁၁ ရာခိုင် နှုန်းပါဝင်ကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ အဆင့်မြင့်ဈေးဝယ်စင်တာနေရာများတွင် Shopping Mall ၆၉ ရာခိုင်နှုန်း၊ Supportin Retail ၁၅ ရာခိုင်နှုန်း၊ Hyper Market ၉ ရာခိုင်နှုန်း၊ Department Store ၈ ရာခိုင်နှုန်းပါဝင်သည်။ အဆင့်မြင့် ဈေးဝယ်စင်တာများသည် ရန်ကုန်မြို့လယ်တွင် ၂၅ ရာခိုင်နှုန်း၊ ရန်ကုန်မြို့တွင်းတွင် ၅၈ ရာခိုင်နှုန်း၊ ရန်ကုန်မြို့ပြင်တွင် ၁၈ ရာခိုင်နှုန်းရှိသည်။ မြို့ပြနှင့်လျော်ညီသော ဈေးဝယ်ပုံစံကို ပြောင်းလဲနေခြင်းကြောင့် ဈေးဝယ်စင်တာအသစ်များ ပေါ်ထွက်နေသော်လည်း ငှားရမ်းလိုသူများပြားလျက်ရှိသည်။ ဈေးဝယ်စင်တာအသစ်များလည်း ပုံမှန်ဆက်လက်ဖွင့်လှစ်နေပြီး လာမည့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အဆင့်မြင့်လက်လီအရောင်းနေရာပေါင်း စတုရန်းမီတာ ၄၄၀၀၀၀ ဝန်းကျင်ရှိမည်ဟု မျှော်မှန်းထားသည်။

၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်တွင် အဆင့်မြင့်လက်လီအရောင်းနေရာငှားရမ်းမှုနှုန်းထားအနေဖြင့်လည်း ၈၈ ရာခိုင်နှုန်း ဝန်းကျင်ရှိနေပြီး ပျမ်းမျှငှားရမ်းခနှုန်းထားမှာလည်း တစ်စတုရန်းမီတာလျှင် ၂၅ ဒေါ်လာဝန်းကျင်ရှိပြီး၊ ၂၀၂၀ ပြည့်နှစ် ပထမ သုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဈေးဝယ်စင်တာအသစ်များ ဆက်လက် ထွက်ပေါ်လာသော်လည်း ငှားရမ်းလိုသူ များပြားသောကြောင့်လာမည့် တစ်နှစ်မှ နှစ်နှစ်အတွင်း အဆင့်မြင့်လက်လီအရောင်းနေရာ ငှားရမ်းခနှုန်းထားများ အနည်းငယ်မြင့်တက်မည်ဟု Colliers International Myanmar မှ မျှော်မှန်းထားသော်လည်း လတ်တလော COVID-19 ကြောင့် ဈေးဝယ်စင်တာများရှိ ဆိုင်ခန်းများဆုံးရှုံးမှုနည်းပါးစေရန် ဆိုင်ခန်းငှားရမ်းခများကို ညှိနှိုင်းလျှော့ချပေးနေရ ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/185306

## မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ထုတ်လုပ်ခြင်းအတွက် အင်ဂျင်ပါဝါအလိုက် အခွန်များလျှော့ချ အင်ဂျင်ပါဝါ ၁၅၀၀ စီစီအထက် ကားတစ်စီးလျှင် ကျပ်သိန်း ၂၀ မှ ၅၀ ကြား ဈေးကျနိုင်ဟုဆို



လူစီးမော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပြည်တွင်း၌ SKD (တစ်စိတ်တစ်ပိုင်းတပ်ဆင်ထုတ်လုပ်မှု) စနစ်ဖြင့် ထုတ်လုပ်နေသည့် မော်တော်ယာဉ်များအတွက် ဩဂုတ် ၁ ရက်ကစ၍ အခွန်နှုန်းထား လျှော့ချလိုက်သည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဇူလိုင် ၂၉ ရက် ကြေညာချက်အရ COVID -19 ကြောင့် ဖြစ်ပေါ်နေသည့် စီးပွားရေးကျဆင်းမှုကို ကုစားသည့်အနေဖြင့် ဩဂုတ် ၁ ရက်ကစ၍ မော်တော်ယာဉ် အခွန်အကောက်ကို လျှော့ချခဲ့ခြင်း ဖြစ်သည်။ လူစီးမော်တော်ယာဉ်များ တင်သွင်းခြင်းထုတ်လုပ်ခြင်းနှင့် ဆက်စပ်၍ အကောက်ခွန်လျှော့ချရန် လွန်ခဲ့သည့်တစ်လကတည်းက ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခု လျှော့ချသည့်အခွန်နှုန်းထားတွင် ပြည်ပမှတင်သွင်းသည့် လူစီးမော်တော်ယာဉ်များအတွက် အင်ဂျင်ပါဝါ ၂,၀၀၀ စီစီနှင့်အောက်ကို အကောက်ခွန်နှုန်း ၃၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း၊ အင်ဂျင်ပါဝါ ၂,၀၀၁ စီစီနှင့် အထက်ကို ၄၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့သည်။ ပြည်တွင်း၌ SKD စနစ်ဖြင့် ထုတ်လုပ်သည့် မော်တော်ယာဉ်များအနက် ၂,၀၀၀ စီစီနှင့် အောက်ယာဉ်များသည် ယခင်ကောက်ခံသည့် အကောက်ခွန် ၁၀ ရာခိုင်နှုန်းမှာ လုံးဝပေးဆောင်စရာမလိုတော့ဘဲ ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။ ထို့အပြင် ၂,၀၀၁ စီစီနှင့်အထက် မော်တော်ယာဉ်များမှာလည်း ၂၀ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ချ ခဲ့သည်။ လျှော့ချပေးသည့် အကောက်ခွန်နှုန်းထားသည် ရန်ကုန်အရောက် ကားတန်ဖိုး (AV) ဒေါ်လာတစ်သောင်း အခြေခံ တွက်ချက်ပါက ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ် ၂,၀၀၀ စီစီ အောက်ဖြစ်ပါက ယခင် ဒေါ်လာ ၃,၀၀၀ မှ ယခု ဒေါ်လာ ၂,၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။

အလားတူ ပြည်တွင်း SKD စနစ်ဖြင့်ထုတ်လုပ်သည့် မော်တော်ယာဉ်သည် ၂,၀၀၀ စီစီ အောက်ဖြစ်ပါက ယခင်က ၁၀ ရာခိုင်နှုန်း (ဒေါ်လာတစ်ထောင်) ပေးဆောင်ရမှုသည် ယခုအခါ ပေးဆောင်ရန်မလိုတော့ပေ။ သို့သော် အမည်ပေါက် ယာဉ်တစ်စီးအဖြစ် အသုံးပြုနိုင်ရန် အကောက်ခွန်အပြင် အထူးကုန်စည်ခွန်၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်နှင့် ကညနမှတ်ပုံတင်ခများ မော်တော်ယာဉ် အမျိုးအစားအလိုက် ပေးဆောင်ရဦးမည်ဖြစ်သည်။ "အခု ပြည်ပက မော်တော်ယာဉ်တင်သွင်းသူတွေအတွက် ဝမ်းသာစရာဖြစ်တယ်။ တစ်ဖက်မှာလည်း ပြည်တွင်း SKD စနစ် ထုတ်လုပ်တဲ့သူတွေ တစ်ပြေးညီ အခွန်ခံစားခွင့်ရတာလည်းဖြစ် လာတယ်" ဟု မြန်မာနိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများအသင်း ဒုဥက္ကဋ္ဌ ဦးဇော်ထိုက်အေးက ပြောသည်။ အထူးကုန်စည်ခွန် ပေးဆောင်ရမည့် ဆိပ်ကမ်းအရောက် မော်တော်ယာဉ်တန်ဖိုး (CIF) ဒေါ်လာ ၂,၅၀၀၀ နှင့် အထက်၊ တစ်နည်းအားဖြင့် အင်ဂျင်ပါဝါ ၁,၅၀၀ စီစီအထက် ယာဉ်အမျိုးအစားများသည် ယခုလျှော့ချသည့် အခွန်နှုန်း ထားကြောင့် ကျပ်သိန်း ၂၀ မှ သိန်း ၅၀ အကြား ဈေးလျှော့ကျနိုင်ပြီး အင်ဂျင်ပါဝါပိုကြီးသည့် မော်တော်ယာဉ်အများစုတွင်

သက်ရောက်မှုပိုများသည်ဟု MMM မော်တော်ယာဉ်အရောင်းစင်တာပိုင်ရှင် ကိုမင်းမင်းမောင်က သုံးသပ်သည်။ မကြာမီ ရက်ပိုင်းက Asian Automotive Federation က ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ဈေးကွက် သိသိသာသာ ထိုးကျခဲ့ပြီး ဧပြီနှင့် မေလနှစ်လအတွင်း မော်တော်ယာဉ်အစီးရေ ၇၀၃ စီးသာ ထုတ်လုပ်နိုင်ခဲ့သည်။

ယခင်နှစ်ကာလတူ ထုတ်လုပ်ခဲ့သည့် အရေအတွက်သည် ၂,၃၈၆ စီးရှိသည်။ မော်တော်ယာဉ် ရောင်းချမှုစာရင်းတွင်လည်း နှစ်ဆန်းပိုင်းသုံးလအတွင်း အစီးရေ ၆,၀၀၀ ကျော် ရောင်းချနိုင်ခဲ့ပြီးနောက် ဧပြီနှင့်မေလတွင်မူ အစီးရေ ၁,၂၅၃ စီးသာ ရောင်းချနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်ကဆိုသည်။

**Source:** https://7day.news/detail?id=194232

## မတ်ပဲတင်သွင်းမှု အချိန်တိုးပေးရန် အိန္ဒိယအစိုးရထံ မြန်မာတောင်းဆိုထားဟုဆို




မတ်ပဲတင်သွင်းမှု အချိန်ကန့်သတ်ချက် ထပ်မံတိုးပေးရန် အိန္ဒိယအစိုးရကို စီးပွားကူးသန်းဝန်ကြီးဌာနနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက တောင်းဆိုထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူးဦးမင်းကိုဦးကပြောသည်။

အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းရန် အချိန်သုံးလသတ်မှတ်ပြီး ဩဂုတ်လအကုန်တွင် အဆုံးသတ်ရန်မူလက ကြေညာချက်ထုတ်ပြန်ထားသည်။ ထိုကြေညာချက်က အိန္ဒိယမှ ပဲတင်သွင်းသည့် ကုန်သည်များနှင့် မြန်မာနိုင်ငံမှ မတ်ပဲရောင်းချသည့် ကုန်သည် များအတွက် အခက်အခဲများဖြစ်နေသည်။

ထို့ကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းတို့က မတ်ပဲ တင်သွင်းခြင်း အချိန်ကန့်သတ်ချက်တိုးမြှင့်ပေးရန် အိန္ဒိယအစိုးရထံ တောင်းဆိုခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ အိန္ဒိယ အစိုးရဘက်မှ တုံ့ပြန်မှုမရှိသေးကြောင်း ဦးမင်းကိုဦးက ဩဂုတ် ၂ ရက်တွင် ပြောသည်။ လက်ရှိအိန္ဒိယသို့ မတ်ပဲ တင်သွင်းမှုက လျာထားချက် တန်ချိန်၏ ၂၀ ရာခိုင်နှုန်းကျော် (တန်ချိန်ရှစ်သောင်းကျော်) သာ တင်ပို့ထားနိုင်ကြောင်း ပြည်ပပဲတင်ပို့နေသည့် လုပ်ငန်းရှင်အချို့ကပြောသည်။ မြန်မာမှအိန္ဒိယသို့ ပဲတင်ပို့နိုင်သည့်ပမာဏက တစ်လလျှင် တန်ချိန်ခုနစ်သောင်းမှ ရှစ်သောင်း အကြားရှိသည်။ "အခုပုံစံတိုင်းက သတ်မှတ်တန်ချိန်ကို ဘယ်လိုမှ မမီနိုင်ဘူး။ အချိန်ထပ်တိုးပေးမှရမယ်" ဟု ဦးမင်းကိုဦးက ပြောသည်။

ကမ္ဘာတွင် မတ်ပဲကို မြန်မာနှင့်အိန္ဒိယတွင်သာ စိုက်ပျိုးခြင်းကြောင့် အိန္ဒိယနိုင်ငံမှ ပဲခွဲစက်လုပ်ငန်းရှင်များကလည်း မတ်ပဲ တန်လေးသိန်းတင်သွင်းမှုနှင့်ပတ်သက်၍ အချိန်သတ်မှတ်ချက်တိုးမြှင့်ပေးရန် အိန္ဒိယအစိုးရထံတင်ပြထားသည်။ လက်ရှိ အိန္ဒိယကုန်သည်များ၏ ဝယ်လိုအားအနည်းငယ်သာရှိသဖြင့် ပြည်တွင်း၌ မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်း တည်ငြိမ်နေသည်။ ပြည်တွင်းဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ကျပ် ၉၄၅,၀၀၀၊ ပဲစင်းငုံတစ်တန်လျှင် ကျပ် ၈၀၀,၀၀၀ ဈေးဖွင့်သည်။ အိန္ဒိယတွင် အမှန်တကယ် မတ်ပဲလိုအပ်ချက်များမည်ဆိုလျှင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ မတ်ပဲတင်သွင်းမှုကို အချိန်ထပ်မံတိုးပေး နိုင်မည်ဟု ပြည်တွင်းပဲကုန်သည်အချို့က ပြောသည်။

**Source:** https://7day.news/detail?id=194309

## ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ Mini Housing Project လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို ဒေါ်လာငါးသန်းနီးပါးနှင့် ကျပ်သန်း ၃၂၀၀ ကျော်မြှုပ်နှံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း လုပ်ကိုင်မည်



ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ Mini Housing Project လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည် ချုပ်လုပ်ခြင်း လုပ်ငန်းကို ဒေါ်လာ ငါးသန်းနီးပါးနှင့် ကျပ်သန်း ၃၂၀၀ ကျော် မြှုပ်နှံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း လုပ်ကိုင်မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ Mini Housing Project လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည် ချုပ်လုပ်ခြင်းလုပ်ငန်းတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၃၂၁၅ ဒသမ ၈၇၉ သန်းနှင့် ဒေါ်လာ ၄ ဒသမ ၉၇၉ သန်းရှိပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ပေါင်း ၂၇၃ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၈ ရက်အထိ ခုနစ်လ အတွင်း မြန်မာနိုင်ငံသားများက ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးမှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းတို့မှ ဒေါ်လာ ၂၅၃ သန်းကျော် အပါအဝင် ကျပ် ၁၂၅၁ ဘီလျံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းနှစ်ခု၊ အတည်ပြုလုပ်ငန်းနှစ်ခု စုစုပေါင်းလုပ်ငန်း လေးခုခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြုလုပ်ငန်းနှစ်ခု၊ အတည်ပြုလုပ်ငန်းတစ်ခုနှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်းတစ်ခု ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ သုည ဒသမ ၂၉၀ သန်း အပါအဝင် ကျပ် ၃၉၃၂၉ ဒသမ ၁၃၄ သန်းဖြစ်ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၄၀ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း လေးခုမှာ စက်မှုကဏ္ဍမှတစ်ခု၊ အိမ်ရာ၊ အဆောက်အအုံကဏ္ဍမှ တစ်ခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ တစ်ခုနှင့်အခြားကဏ္ဍမှ တစ်ခု ဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု၊ အတည်ပြုပေးမှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၃ ခု၊ ဒေါ်လာ ၁၅၉ ဒသမ ၈၁၆ သန်း အပါအဝင် ကျပ် ၉၈၅၈၈၀ ဒသမ ၂၄၅ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၂၅၃ ဒသမ ၂၁၆ သန်း အပါအဝင် ကျပ် ၁၂၅၁၂၂၃ ဒသမ ၉၁၅ သန်း ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ် ၂၀၂၃၂ ဘီလျံကျော် ခွင့်ပြုထားပြီး အိမ်ခြံမြေဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍတို့တွင် အများဆုံးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်း ၁၆၇၆ ခုကို လုပ်ငန်းကဏ္ဍ ၁၁ ခုတွင် ရင်းနှီးမြှုပ်နှံခွင့် ပြုထားခြင်းဖြစ်ပြီး စုစုပေါင်းပမာဏ ကျပ် ၂၀၂၃၂၇၂၀ ဒသမ ၇၇၀ သန်း (ကျပ် ၂၀၂၃၂ ဘီလျံကျော်) ရှိခြင်းဖြစ်သည်။ ကဏ္ဍအလိုက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုများမှာ အိမ်ခြံမြေဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၄၆၇၃ ဒသမ ၁၆၉ ဘီလျံ (လုပ်ငန်း ၈၉ ခု)၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျပ် ၃၆၆၆ ဒသမ ၆၆၉ ဘီလျံ (လုပ်ငန်း ၉၀၇ ခု)၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၃၀၁၃ ဒသမ ၈၀၁ ဘီလျံ (လုပ်ငန်း ၅၂ ခု)၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ကျပ် ၂၀၉၃ ဒသမ ၂၇၃ ဘီလျံ (လုပ်ငန်း ၁၈၆ ခု)၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျပ် ၁၁၂၀ ဒသမ ၇၉၇ ဘီလျံ (လုပ်ငန်း ၆၈ ခု) တို့ဖြစ်သည်။

ထို့ပြင် စက်မှုဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၈၉၉ ဒသမ ၈၂၈ ဘီလျံ (လုပ်ငန်း ၁၂ ခု)၊ စွမ်းအင်ကဏ္ဍတွင် ကျပ် ၈၁၅ ဒသမ ၃၂၉ ဘီလျံ (လုပ်ငန်း ၂၁ ခု)၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ကျပ် ၃၇၀ ဒသမ ၂၅၉ ဘီလျံ (လုပ်ငန်း ၉၁ ခု)၊ သတ္တုတူးဖော်ရေးကဏ္ဍတွင် ကျပ် ၂၁၁ ဒသမ ၅၈၉ ဘီလျံ (လုပ်ငန်း ၇၁ ခု)၊ စိုက်ပျိုးရေးကဏ္ဍတွင် ကျပ် ၈၉ ဒသမ ၆၃၅ ဘီလျံ (လုပ်ငန်း ၁၈ ခု) နှင့် အခြားကဏ္ဍတွင် ကျပ် ၃၂၇၈ ဒသမ ၃၆၀ ဘီလျံ (လုပ်ငန်း ၁၆၁ ခု) ရင်းနှီးမြှုပ်နှံခွင့်ပြုထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/185459

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှု ယခင်နှစ်ကာလတူထက် တန်ချိန် ၄၁၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၆၀ ကျော် ပိုမိုရရှိထား

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လခန့် တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၄၁၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေ ဒေါ်လာသန်း ၆၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာ ဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တို ဘာ ၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ၁၀ လခန့် တွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၉၆၄ တန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၂၀ ဒသမ ဝ၃၆ သန်း ရရှိထားသည်။ "အရင်နှစ်နဲ့ယှဉ်ရင် ဒီနှစ်မှာက ကျောက် စိမ်းတင်ပို့မှုက တန်ချိန် ၄၁၆ တန်ပိုတယ်။ တန်ဖိုးက ဒေါ်လာ ၆၃ သန်း ပိုရထားတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ကျောက်စိမ်းကို ပြပွဲများပြုလုပ်ပြီး ရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းပြပွဲများ ပြုလုပ်မှုများသည့်ကာလများတွင် ပြည်ပသို့ ကျောက်စိမ်းပိုမိုတင်ပို့နိုင်ပြီး ကျောက်စိမ်းပြပွဲများပြုလုပ်မှုနည်းသည့် ကာလများတွင် ကျောက်စိမ်းတင်ပို့မှုလျော့ကျ နိုင်ကြောင်းသိရသည်။

အမျိုးသားစီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှုအနေဖြင့် အစိုးရသစ်စတုတ္ထတစ်နှစ်အတွင်း ကျောက်စိမ်းနှင့် ကျောက်မျက်ထုတ်လုပ်မှုမှ ကျပ် ၅၆ ဒသမ ၄ ဘီလျံကျော်ရရှိရန် လျာထားခဲ့သော်လည်း ကျပ် ၉၇ ဒသမ ၈ ဘီလျံကျော် အထိရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အကြီးစား၊ အလတ်စား၊ အသေးစားနှင့်စမ်းသပ်လုပ်ကွက်အပါအဝင် စမ်းသပ်ဖြစ်မြောက် လုပ်ကွက်ပေါင်း ၁၁၀၀ ကျော် ခွင့်ပြုမိန့်ထုတ် ပေးထားပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးခွင့်ပြုပေးထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အကြီးစား၊ အလတ်စား၊ အသေးစားနှင့် စမ်းသပ်လုပ်ကွက်၊ စမ်းသပ်ဖြစ်မြောက်လုပ်ကွက်အပါအဝင် လုပ်ကွက်စုစုပေါင်း ၁၁၉၅ ကွက် ခွင့်ပြုမိန့်ထုတ်ပေးထားပြီး မန္တလေးတိုင်းဒေသတွင်း ၃၁၇ ကွက်ဖြင့် အများဆုံးခွင့်ပြုထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၁၈ ကွက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ၁၄၁ ကွက်၊ ကယားပြည်နယ်တွင် ၁၈ ကွက်၊ ကရင်ပြည်နယ်တွင် ၄၆ ကွက်၊ ချင်းပြည်နယ်တွင် လေးကွက်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၆ ကွက်၊ နေပြည်တော်တွင် သုံးကွက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း ခုနစ်ကွက်၊ မကွေးတိုင်းဒေသကြီးတွင် ၅၀၊ မွန်ပြည်နယ်တွင် ၁၉ ကွက်၊ ရခိုင်ပြည်နယ်တွင် တစ်ကွက်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၉၃ ကွက်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၇၉ ကွက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် သုံးကွက်ဖြင့် စုစုပေါင်း အကြီးစား၊ အလတ်စား၊ အသေးစားနှင့်စမ်းသပ်လုပ်ကွက်၊ စမ်းသပ်ဖြစ်မြောက်လုပ်ကွက်အပါအဝင် လုပ်ကွက်စုစုပေါင်း ၁၁၉၅ ကွက် ခွင့်ပြုပေးထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန်လကုန်အထိ ကိုးလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ရွှေသတ္တုဖက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှု ထရိုင်အောင်စ ၅၄၀၃ ဒသမ ၃၈ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ထရိုင်အောင်စ ၄၂၅၂ဒသမ ၃၆ အထိ ထုတ်လုပ်ထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/185565

## ပင်လယ်ငါးဖမ်းလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်တွင် ပြန်လည်စတင်ခွင့်ပြုမည်



COVID-19 ကာလနှင့် ငါးမဖမ်းရကာလတို့ကြောင့် သုံးလကြာရပ်နား ခိုင်းထားသည့် ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်တွင် ပြန်လည်စတင်ခွင့်ပြုမည်ဖြစ်ကြောင်း ဧရာဝတီ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရပါတယ်။

ပင်လယ်ငါးဖမ်းလုပ်ငန်းပြန်လည်ခွင့်ပြုချိန်တွင် ငါးဖမ်းစက်လှေများ အဝင်အထွက်၊ ရေလုပ်သားစစ်ဆေးခြင်းလုပ်ငန်းများကို ဓမင်းဆိပ်စစ်ဆေး ရေးဂိတ်နှင့် ခါးပြတ်စစ်ဆေးရေးဂိတ်တို့တွင် စနစ်တကျစစ်ဆေးခြင်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ စစ်ဆေးရေးဂိတ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးခြင်းများ လုပ်ဆောင်မည်ဖြစ်ကြောင်းသိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဖျာပုံမြို့နယ်၌ ပင်လယ်ငါးဖမ်းလုပ်ငန်းကို အများဆုံး လုပ်ကိုင်ပြီး ငါးဖမ်းသင်္ဘော ၂၀၃စီးရှိကာ ကျားဖောင် ၁၆၂၄ ဖောင်ကို လိုင်စင်ထုတ်ပေးထားကြောင်း သိရပါတယ်။

**Source:** https://www.myanmaplatform.com/a/46717.html

## ကိုဗစ်အလွန် လက်လီလက်ကားကဏ္ဍ ဆန်းသစ်ထုတ်ကုန် ပုံစံအသစ်များဖြင့်ဆောင်ရွက်မည်

ကိုဗစ်အလွန်ကာလ လက်လီ၊ လက်ကားလုပ်ငန်းကဏ္ဍမှာ ဆန်းသစ်တဲ့ထုတ်ကုန်တွေနဲ့ ပုံစံသစ်တွေ တိုးမြှင့် မိတ်ဆက်ပေးနိုင်ဖို့ ဆောင်ရွက်သွားမယ်လို့ စီးပွားကူးသန်းဝန်ကြီးဌာနကပြောပါတယ်။ ဩဂုတ် ၁ ရက်နေ့က ကုန်သည် စက်မှုအသင်းချုပ် (UMFCCI) မှာ "အကျပ်အတည်းကြားမှသည် လက်လီ၊ လက္ကားကဏ္ဍ အခွင့်အလမ်းဆီသို့" ခေါင်းစဉ်နဲ့ ပြုလုပ်တဲ့ လက်လီ၊ လက္ကားရောင်းချမှုဆိုင်ရာဖိုရမ်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ခုလိုပြောကြားခဲ့တာပါ။ "ကိုဗစ်အကျပ်အတည်းကာလကနေ ရရှိတဲ့အခွင့်အလမ်းတွေကို ရေရှည် အောင်မြင်နိုင်ဖို့နဲ့ ခေတ်မီတဲ့လက်လီလက်ကားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်မယ့် အကြံပြုချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများကို ဒီဖိုရမ်ကနေ ဆွေးနွေးရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။"

ဒီဖိုရမ်ကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သည် စက်မှုလက်မှု အသင်းချုပ် (UMFCCI) နဲ့ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းတို့ ပူးပေါင်းပြုလုပ်တာပါ။ ဒီဖိုရမ်ကနေ ကိုဗစ်အလွန်ကာလမှာ လက်လီ လက်ကားရောင်းချမှုဆိုင်ရာ အလားအလာကောင်းတွေ ပေါ်ထွက်လာရေးနဲ့ ဒီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက် လုပ်ဆောင်သင့်တဲ့အချက်တွေကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာသွားကြမယ်လို့သိရပါတယ်။ ဒါ့အပြင် ကိုဗစ်ကာလအတွင်း စားသုံးသူဝယ်လိုအား ကျဆင်းနေတာကိုလည်း ပြန်လည်ကောင်းမွန်လာရေး အထောက်အကူပြုနိုင်ဖို့အတွက်လည်း ရည်ရွယ်တယ်လို့သိရပါတယ်။

စီးပွားကူးသန်း ဒုတိယဝန်ကြီး ဦးအောင်ထူးက "လက်လီလက်ကား ရောင်းဝယ်မှုလုပ်ငန်းဟာဆိုရင် တဖက်မှာ လုပ်ငန်း အသေးစားလေးတွေ ဖွံ့ဖြိုးအောင်လုပ်ရမှာဖြစ်သလို တဖက်မှာ ခေတ်မီအရောင်းစင်တာကြီးတွေ၊ ဈေးဝယ်စင်တာကြီးတွေ ပေါ်လာအောင် ကျနော်တို့အနေနဲ့ ရည်မှန်းပြီးဆောင်ရွက်ရတာဖြစ်ပါတယ်" လို့ပြောပါတယ်။ ဒါ့အပြင် စီးပွားကူးသန်းအနေ နဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ဖို့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရ လွယ်ကူဖို့၊ တရားမဝင်ကုန်သွယ်မှုတွေကိုတားဆီးဖို့နဲ့ ကုန်သွယ်မှုအခက်အခဲတွေကို ဖြေလျှော့ရေးနဲ့ အထူးစီးပွားရေး ဇုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့လည်း ဆောင်ရွက်ခဲ့တယ်လို့ဆိုပါတယ်။

**Source: DVB**

## ကမ္ဘာ့ကပ်ရောဂါဆက်လက်ဖြစ်ပွားလျက်ရှိသော်လည်း တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏသည် မျှော်မှန်းထားသည်ထက်တိုးတက်ခဲ့ခြင်း

၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ယွမ် (၁၄.၂၄) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂.၀၄ ထရီလီယံ)ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်ကာလနှင့်နှိုင်းယှဉ်ပါက (၃.၂) ရာခိုင်နှုန်းကျဆင်း ခဲ့ကြောင်း၊ ပို့ကုန်ပမာဏ သည် ယွမ် (၇.၇၁) ထရီလီယံရှိခဲ့ပြီး (၃) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သွင်းကုန်ပမာဏ သည် ယွမ် (၆.၅၃) ထရီလီယံရှိခဲ့ပြီး (၃.၃) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင် အဖွဲ့မှထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် တရုတ်နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ပြီး အချို့နိုင်ငံများတွင် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုများဖြစ်ပွားမှုကြောင့် ပြည်တွင်းဝယ်လိုအား မြင့်တက်လာခြင်း၊ ပိတ်ဆို့ မှုများဖြေလျှော့ပေးခြင်းတို့ လုပ်ဆောင်ခဲ့သဖြင့် နိုင်ငံခြားကုန်သွယ်မှုကဏ္ဍ တည်ငြိမ်မှုရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ၂၀၁၉ ခုနှစ်၊ ဇွန်လနှင့်နှိုင်းယှဉ်ပါက (၅.၁) ရာခိုင်နှုန်း မြင့် တက်ခဲ့ကြောင်း၊ ပို့ကုန်ကဏ္ဍတွင် (၄.၃) ရာခိုင်နှုန်း၊ သွင်းကုန်ကဏ္ဍတွင် (၆.၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပမာဏမြင့်တက်ခဲ့ခြင်းသည် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင် ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပနိုင်ငံများမှ ကုန်ပစ္စည်းအမှာစာများ ပြန်လည်မြင့်တက်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံ၊ Bank of Communications မှစီးပွားရေးသုတေသနပညာရှင် Liu Xuezhi ကပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်ကာလအတွင်း အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး ကုန်သွယ်မှုပမာဏ သည် ယွမ် (၂.၀၉) ထရီလီယံရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၅.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဥရောပနိုင်ငံများနှင့်ကုန်သွယ်မှုပမာဏသည် ယွမ် (၁.၉၉) ထရီလီယံ ရှိခဲ့ပြီး (၁.၈) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အမေရိကန် နိုင်ငံနှင့်ကုန်သွယ်မှုတွင် ယွမ် (၁.၆၄) ထရီလီယံရှိခဲ့ပြီး (၆.၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တရုတ်နှင့်အာဆီယံနိုင်ငံများ အကြား ကုန်သွယ်မှုပမာဏမြင့်တက်လာခြင်းသည် ဒေသတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုအား ထိရောက်စွာထိန်းချုပ် ဆောင်ရွက်ခြင်း၊ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များ ထားရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမ ၆ လ အတွင်း တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုများဖြစ်ပေါ်မှုအား တိုက်ဖျက်ရန် ပြည်ပ နိုင်ငံများအတွက် အရေးတကြီးလိုအပ်နေသည့်ကုန်ပစ္စည်းများ တင်ပို့မှုပမာဏမြင့်တက်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ Face Masks အပါအဝင် အထည်အလိပ်ပို့ကုန်ပမာဏသည် (၃၂.၄) ရာခိုင်နှုန်း၊ ဆေးပစ္စည်းတင်ပို့မှုတွင် (၂၃.၆) ရာခိုင်နှုန်း၊ ဆေးပစ္စည်းနှင့်ပတ်သက်သည့်ဆက်စပ်ပစ္စည်းများတင်ပို့မှုတွင် (၄၆.၄) ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ၊ Chinese Academy of International Trade and Economic Cooperation မှ စီးပွားရေးသုတေသနပညာရှင် Bai Ming ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source:** https://www.globaltimes.cn/content/1194447.shtml

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## ဂျပန်စားသောက်ဆိုင်လုပ်ငန်းစုများသည် ပြည်တွင်းစိုက်ပျိုးရေးထွက်ကုန် စားသုံးမှုမြှင့်တင်ရေး ဆောင်ရွက်နေကြခြင်း

ဂျပန်နိုင်ငံရှိ စားသောက်ဆိုင်အတော်များများသည် ပြည်တွင်းတွင် စိုက်ပျိုးထားသည့် လတ်ဆတ်သည့်သခွားမွှေးသီး များကို လုပစ္စာသရုပ်ဖော်ထားသည့် အချိုပွဲများအဖြစ် စားသုံးသူများထံမိတ်ဆက်ခြင်းဖြင့် ပြည်တွင်းထွက် စိုက်ပျိုးရေး ထွက်ကုန်မြှင့်တင်ရေး ဆောင်ရွက်နေကြောင်းသိရပါသည်။

တိုကျိုအရှေ့ပိုင်းဒေသနှင့် ကန်တိုဒေသအနောက်ပိုင်းရှိ Sweets Paradise အမည်ရ အချိုပွဲဦးစားပေးရောင်းချသည့် စားသောက်ဆိုင်များသည် “all-you-can-eat” ဟူသည့် အချိုပွဲဘူဖေးပုံစံဖြင့် ဆိုင်သို့လာရောက်ကြသည့် ဧည့်သည်များအား တည်ခင်းဧည့်ခံကြကြောင်း သိရပါသည်။ ဇူလိုင်လ ၁၀ ရက်နေ့မှအစပြု၍ အချိန်အကန့်အသတ်ဖြင့် အလှဆင်ထားသည့် သခွားမွှေးသီးအချိုပွဲများဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ အဆိုပါအစီအစဉ်တွင် သခွားမွှေးသီးအစိတ်များ၊ သခွားမွှေးသီးဖြင့်

အထူးပြုလုပ်ထားသည့် ကိတ်မုန့်များ၊ အသီးဖျော်ရည်များနှင့် အထူးအစီအစဉ်အဖြစ် ညှော့်သည်တစ်အုပ်စုအတွက် သခွားမွှေးသီး အလုံးလိုက်ဖြင့် တည်ခင်းညှော့်ခံခဲ့ကြောင်းသိရပါသည်။ အချိန်အကန့်အသတ်ဖြင့် တည်ခင်းညှော့်ခံသည့် အဆိုပါ အရောင်းမြှင့်တင်ရေးအစီအစဉ်ကို စက်တင်ဘာလဆန်းအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဟော့ကိုင်းဒိုးစီရင်စုဒေသ၊ ရာမာဂါတာစီရင်စုဒေသနှင့် အခြားသောစီရင်စုဒေသများမှထွက်ရှိသည့် သခွားမွှေးသီးများကို အသုံးပြုကာ အရောင်းမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ပြန့်ပွားနေမှုကြောင့် အခမ်းအနားများ ကျင်းပမှု လျော့ကျသွားသဖြင့် စိုက်ပျိုးရေးထွက်ကုန် အသီးအနှံများစားသုံးမှုလည်း ကျဆင်းသွားသည့်အတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများကို အားပေးကူညီသည့်အနေဖြင့် ယခုကဲ့သို့ စားသောက်ဆိုင်များတွင် သစ်သီးစားသုံးမှု မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း Sweets Paradise အချိုပွဲစားသောက်ဆိုင်လုပ်ငန်းဆောင်ရွက်နေသည့် Inoue Shoji Co., Ltd. မှ တာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

Royal Host စားသောက်ဆိုင်သည်လည်း အချိန်အကန့်အသတ်ဖြင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့် သခွားမွှေးသီးများကို အရောင်းမြှင့်တင်ခြင်းအစီအစဉ်ကို ဂျပန်တစ်နိုင်ငံလုံးရှိ ၎င်း၏ဆိုင်ခွဲများတွင်ဆောင်ရွက်နေပြီး လာမည့် ဩဂုတ်လကုန်အထိ ထိုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပါသည်။ Family Restaurant ဆိုင်များသည်လည်း ရေခဲမုန့်၊ ဒိန်ချဉ်တို့နှင့် သစ်သီးများ ရောနှော ထားသည့် အချိုပွဲများ ၊ ဟာဝိုင်အီစတိုင်လ် ရေခဲခြစ်များတွင် ပြည်တွင်းထွက်ကုန် သခွားမွှေးသီးများကို အသုံးပြုကာ အထူးအရောင်းမြှင့်တင်ဆောင်ရွက်နေပါသည်။ အဆိုပါအချိုပွဲများသည် စားသုံးသူအခွန်အပါအဝင် ယန်း ၈၈၀ မှ ယန်း ၈၉၀ အကြားရှိကြောင်းသိရပါသည်။ ကန်တိုဒေသရှိ ၎င်း၏ဆိုင်ခွဲများသည် အီဘာရာခိနှင့် ကူမာမိုတိုစီရင်စုဒေသများမှထွက်ရှိသည့် သခွားမွှေးသီးများကို အသုံးပြုရောင်းချနေပြီး အခြားဆိုင်ခွဲများသည် ရာမာဂါတာစီရင်စုဒေသမှထွက်ရှိသည့် သခွားမွှေးသီးများကိုအသုံးပြုကာ အရောင်းမြှင့်တင်နေကြကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (4.8.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 210 | 2,205,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,800 | 3,750 | 1,715 | 6,440,650 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 69 | 558,900 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 70 | 1,540,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,850 | 2,800 | 8 | 22,500 | 12,823,224 | 35,905 |
| EFR | 00006 | 3,000 | +200 | +7.14% | 2,850 | 3,000 | 2,850 | 398 | 1,186,800 | 19,977,223 | 59,932 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.01 | +1.98 | +0.44% | 445.00 | 447.01 | 445.00 | 2,470 | 11,953,850 | 6 | 665,138 |

### Index chart




## Market Overview

As of 1:00 pm, 4th Aug. 2020

| MYANPIX | 447.01 ▲ 1.98 |
|---|---|
| Total Volume (shares) | 2,470 |
| Total Value (MMK) | 12 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,138 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 3,000 | ▲ 200 |